**ရှမ်းလူ့ အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ အခြေအနေသတင်း**

**ဖေဖော်ဝါရီလ ၂၇ ရက်၊ ၂၀၁၅ ခုနှစ်**

**လောက်ကိုင်အနီး ရှမ်းရွာ နှင့် တအောင်းရွာများအတွင်း ရွာသားပိုင်ဥစ္စာပစ္စည်းများအား မြန်မာစစ်တပ်မှ တပ်သားများ လုယူဖျက်ဆီး**

ပြီးခဲ့သည့်ရက်သတ္တပတ်က မြန်မာစစ်တပ်မှ တပ်သားများသည် ကိုးကန့်ဒေသ လောက်ကိုင်မြို့အနီးရှိ တအောင်း (ပလောင်) ရွာနှင့် ရှမ်းရွာများအတွင်းသို့ ဝင်ရောက်လှည့်လည်ကာ ဒေသခံများ ပိုင်ဥစ္စာ ပစ္စည်းများ နှင့် အစားအသောက်များအား လုယူဖျက်ဆီး ခဲ့ကြသည်။

ယင်းရွာများမှ ဒေသခံရွာသူရွာသားများ အများစုတို့မှာ တိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ တရုတ်နယ်စပ်ဖက်သို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြပြီး၊ သက်ကြီးရွယ်အိုများ နှင့် ရွာသားအချို့သာ မိမိအိုးအိမ်စည်းစိမ်များအား စောင့်ရှောက်ရန် ရွာအတွင်းကျန်ရစ်ခဲ့ကြသည်။ ယင်း ရွာသားများနှင့် တိမ်းရှောင်လာသည့် ဒေသခံရွာသူရွာသားများ၏ပြောကြားချက်အရ မြန်မာ စစ်တပ်မှ တပ်သားများသည် ၄င်းတို့ရွာများအတွင်း တစ်အိမ်ဝင်တစ်ထွက်လိုက်လံကာ အိမ်အတွင်းရှိ ဥစ္စာပစ္စည်း များ အစားအသောက်များအား လုယူခြင်း၊ ယူဆောင်ခြင်း၊ နှင့် ဖျက်ဆီးပစ်ခြင်းများအား ပြုလုပ်ခဲ့ကြ သည်ဟုသိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၁ ရက်နေ့က မြန်မာတပ်သားများမှ အိမ်ခြေ ၈၀ ခန့်ရှိသည့် တအောင်း ရွာတစ်ရွာဖြစ်သည့် နားဆိုင်းကျေးရွာအတွင်းဝင်ရောက်ခဲ့ကြပြီး ဒေသခံနေအိမ်များအတွင်းရှိ ဥစ္စာ ပစ္စည်း များ အစားအသောက်များအား လုယူ ယူဆောင်ခဲ့ကြသည်။ ဒေသခံများပြောပြချက်အရ ရွာ သား တစ်ဦးမှာ မြန်မာစစ်တပ် တပ်သားများမှ ၄င်းအား ဒူးထောက်ကာ လက်နှစ်ဖက်အား ခေါင်း ပေါ်တင်ထားစေပြီး ၄င်း၏ ဖုန်း၊ ပိုက်ဆံ၊ နှင့် ဆိုင်ကယ် နှစ်စီးအား ယူဆောင်သွားခဲ့သည်ဟု သိရ သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်လည်း အိမ်ခြေ ၃၀ ခန့်ရှိပြီး ရှမ်းရွာတစ်ရွာဖြစ်သည့် နားပန်ရွာ အတွင်းသို့ မြန်မာစစ်တပ်မှ တပ်သားများ ဝင်ရောက်ပြီး ပစ္စည်းဥစ္စာများယူဆောင်ခဲ့ခြင်းများ ရှိခဲ့သည်။ ယင်းသို့နယ်စပ်ဖက်သို့ထွက်ပြေးတိမ်းရှောင်လာရသည့် ဒေသခံဒုက္ခသည်တစ်ဦးမှ ရွာအတွင်း ကျန်ခဲ့သည့် သူမ၏မိသားစုဝင်တစ်ဦးအား မြန်မာတပ်သားများမှ သေနတ်ဖြင့်ချိန်ရွယ်ပြီး ဒူးထောက်ကာ လက်နှစ်ဖက်အား ခေါင်းပေါ်တင်ခိုင်းပြီး မီးဖိုချောင်အတွင်းရှိ အစားအသောက်များအား မွှေနှောက်ယူဆောင်ခဲ့ကြသည်ဟုသိရသည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကလည်း မြန်မာစစ်တပ်မှ တပ်သား ၁၀ ဦးခန့်တို့သည် လောက်ကိုင်မြို့ အနီးရှိ အိမ်ခြေ ၇၀ ခန့်ရှိသည့် ရှမ်းရွာတစ်ရွာဖြစ်သည့် ကွန်းဆာရွာအတွင်းသို့ ဝင်ရောက်ခဲ့ပြီး အကယ်၍ အိမ်အတွင်းလူရှိပါက ယင်းမြန်မာတပ်သားများမှ အိမ်ရှင်အား သေနတ်များဖြင့် ချိန်ရွယ်ကာ ဒူးထောက်ကာ လက်နောက်ပစ်၍ ခေါင်းပေါ်တင်ထားစေသည်။ ယင်းနောက် မြန်မာတပ်သားများမှ နေအိမ်အတွင်းမွှေနှောက်ရှာဖွေကာ ၄င်းတို့နှစ်သက်ရာ ဥစ္စာပစ္စည်းများအား ယူဆောင်သွားခဲ့ ကြသည်။ ဒေသခံရွာသား ၁၀ ဦးခန့်မှာ ၄င်းတို့၏ လက်ကိုင်ဖုန်းများအား မြန်မာတပ်သားများမှ ယူဆောင်သွားခြင်းကိုခံရပြီး၊ ဒေသခံတစ်ဦးမှာလည်း ကွန်ပျူတာ နှစ်လုံးနှင့် အခြားတစ်ဦးမှာ van ကားတစ်စီး ဆုံးရှုံးခဲ့ရသည်။ ယင်းအပြင် အိမ်များအတွင်းရှိ အခြားသော ဥစ္စာပစ္စည်းများ အစား အသောက်များကိုလည်း မြန်မာတပ်သားများ ယူဆောင်သွား ခဲ့ကြသည်။ ရွာသားတစ်ဦးမှ ၄င်းသည် ကိုးကန့်စစ်သားတစ်ဦးနှင့် တွဲရိုက်ထားသည့် ဓါတ်ပုံအား ၄င်း၏အိမ်အတွင်းတွေ့သဖြင့် ယင်းရွာ သားကိုမြန်မာတပ်သားများမှ တရုတ်ငွေ ယွမ် ၆၀၀၀ မပေးပါက ၄င်းအား အရေးယူထောင်ချမည်ဟု ခြိမ်းခြောက်ခဲ့သည်။

အချို့လူမရှိသည့်အိမ်များဖြစ်ပါက မြန်မာစစ်တပ်မှ တပ်သားများသည် အိမ်တံခါးများအား ဖျက်ကာ အိမ်အတွင်းဝင်ရောက် မွှေနှောက်ရှာဖွေကာ မိမိတို့ကြိုက်နှစ်သက်ရာ ဥစ္စာပစ္စည်းများအား ယူ ဆောင်သွား ခဲ့ကြရုံမျှမက အိမ်အတွင်းရှိ ဒေသခံတစ်ဦး၏ ကားတစ်စီးအပါအဝင် နေအိမ်များ အတွင်းရှိ ဥစ္စာပစ္စည်းများအား ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

ကွန်းဆာနှင့် နားဆိုင်းရွာများမှ ရွာသားများပြောပြချက်အရ မြန်မာစစ်တပ်မှ ကိုးကန့်တပ်သားများ ပုန်းခိုနေခြင်း မပြုနိုင်ရန်ဟု အကြောင်းပြုကာ ၄င်းဒေသခံတို့၏ ကြံခင်းများအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ အချို့ကြံခင်းများမှာ ရိတ်သိမ်းချိန်နှင့် နီးကပ်နေပြီဖြစ်သဖြင့် ယင်းသို့ဖျက်ဆီးပစ်ခြင်း ခံလိုက်ရသောကြောင့် ဒေသခံရွာသားများမှ တရုတ်ငွေယွမ် ၃၀၀၀၀၀ ခန့်တန်ဖိုးအား ဆုံးရှုံးခဲ့ကြ သည်။

အချက်အလက်များ ထပ်မံသိရှိလိုပါက ဆက်သွယ်ရန် ။ ။

Email: shanhumanrights@gmail.com , shrf@shanhumanrights.org

Website: www.shanhumanrights.org

Mobile Phone: +66(0)93- 297-7754